# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 6 , 2022 Volume 59, Number 4


**၆.၁၀.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၇၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၂၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China–GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)တို့အရ ၁-၁-၂၀၂၂ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့်ကုန်စည်အမျိုးအစား (၄) ခုဖြစ်သည့် အသားနှင့်အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား (၁၄)ခုဖြစ်သည့် အစာသွပ်ရန် အသုံးပြုသည့် အပေါ်ခွံအစွပ်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ဥနှင့်ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သောအစေ့အဆံများ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ရေခဲတတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့်ပဲခြောက်များ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့်အစေ့အဆံများ၊ သစ်သီးခြောက်များ၊ မလှော်ထားသော ကော်ဖီနှင့်ကိုကိုးစေ့များ၊ အထူးအာဟာရ အစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ စုစုပေါင်း ကုန်စည်အမျိုးအစား (၁၈)အုပ်စုတို့ကို တရုတ်နိုင်ငံ GACC တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

ကုန်စည်အုပ်စုအလိုက် GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ဖြစ်ကြပါသည်။ အဆိုပါကုန်စည်အမျိုးအစား (၁၈) အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

၁-၁၂-၂၀၂၁ ရက်နေ့မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ ကုမ္ပဏီ/စက်ရုံ (၁၀၂၂) ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း (၁၈၅၀) စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ(၈၈၃)ခု၊ စောင်ရေ (၁၇၁၁)စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/ စက်ရုံ (၁၁၈)ခု၊ စောင်ရေ (၁၁၈)စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ(၁၂)ခု၊ စောင်ရေ(၁၂) စောင်နှင့် အစားအသောက်နှင့်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ (၉)ခု၊ စောင်ရေ (၉)ရှိကြောင်း သိရှိရသည်။

**Source:**https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B–

## တရုတ်နိုင်ငံထံ ထိုင်းဆန် ပိုမိုတိုးမြှင့်ရောင်းချမည်



https://greenwaymyanmar.com

Covid-19 ကပ်ရောဂါဘေးကြောင့် ကျဆင်းသွားတဲ့ စီးပွားရေးကို ပြန်လည်ကုစားသွားဖို့ တရုတ်နိုင်ငံနဲ့ အစိုးရချင်း G2G သဘောတူညီချက်နဲ့ ဆန်ကုန်သွယ်မှုကို တိုးမြှင့်သွားမယ်လို့ ထိုင်းနိုင်ငံခြားကုန်သွယ်မှုဌာန (DFT) ရဲ့ ညွှန်ကြားရေးမှူးချုပ်အသစ်က ပြောလိုက်ပါတယ်။

အေဂျင်စီရဲ့ အရေးကြီးဆုံးအစီအစဉ်က နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွေကို မြှင့်တင်သွားဖို့ဖြစ်တယ်လို့ (DFT) ရဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် မကြာသေးမီကမှ ခန့်အပ်ခြင်းခံခဲ့ရတဲ့ Ronnarong Phoolpipat က တနင်္လာနေ့မှာ ပြောကြားခဲ့တာပါ။

၂၀၂၂ ခုနှစ်ရဲ့ ပထမရှစ်လအတွင်း ထိုင်းနိုင်ငံရဲ့ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတန်ဖိုးဟာ ဘတ်ငွေ ၁.၁၅ ထရီလီယံအထိ မြင့်တက်လာပြီး ပြီးခဲ့တဲ့နှစ် ကာလတူအခြေအနေထက် ၃.၁၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့တယ်လို့ သူကဆိုပါတယ်။ “နယ်စပ်ဖြတ်ကျော် ပို့ကုန်တန်ဖိုးဟာ ဘတ်ငွေ ၆၈၂.၈၄ ဘီလီယံရခဲ့ပြီး ၀.၁၁ ရာခိုင်နှုန်းနဲ့ နည်းနည်းမြင့်တက်လာတယ်။ သွင်းကုန်တန်ဖိုးကတော့ ဘတ်ငွေ ၄၇၁.၀၂ ဘီလီယံနဲ့ ၇.၉၈ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ ဩဂုတ်လမှာတင် ထိုင်းရဲ့ ကုန်သွယ်ရေးပိုငွေ (ပို့ကုန်ရငွေပိုလျှံမှု) က ဘတ်ငွေ ၂၁၁.၈၂ ဘီလီယံအထိရှိခဲ့ပါတယ်” လို့ Ronnarong Phoolpipat က ပြောပါတယ်။

ဘတ်ငွေတန်ဖိုးကျဆင်းမှုနဲ့ မြန်မာ၊ လာအိုနိုင်ငံတွေရဲ့ စီးပွားရေးအနေအထားတွေဟာ ယခုနှစ်မှာ နယ်စပ်ကုန်သွယ်ရေးကိုမြှင့်တင်ပေးတဲ့ အဓိကအကြောင်းရင်းတွေဖြစ်တယ်လို့လည်း ယခင်က ကုန်သွယ်မှုမူဝါဒနဲ့ မဟာဗျူဟာရုံးကို ကြီးကြပ်ခဲ့ရသူ Ronnarong က ဆိုပါတယ်။

စွမ်းအင်လိုအပ်ချက်အတွက် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ထိုင်းနိုင်ငံကနေ မြန်မာနဲ့လာအိုနိုင်ငံတွေကို တင်ပို့ရမှုဟာ ၁၀၀ နဲ့ ၁၁၅ ရာခိုင်နှုန်း အသီးသီးတိုးလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ Covid-19 အခြေအနေတွေ တိုးတက်လာတာနဲ့အမျှ ဒေသတွင်းစားသုံးမှုနဲ့ ကုန်ထုတ်လုပ်မှုတွေလည်း ပြန်လည်တိုးတက်လာတယ်လို့ သူက ထပ်လောင်းပြောဆိုပါတယ်။

ဥပမာအားဖြင့် ၂၀၂၂ ခုနှစ် ပထမရှစ်လအတွင်း မလေးရှားနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ် ကာလတူအခြေအနေနဲ့ယှဉ်ရင် မော်တော်ကား ၃၈၉.၄၂ ရာခိုင်နှုန်းနဲ့ တာယာ ၁၃၁.၄၃ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံကနေ ပိုမိုတင်သွင်းခဲ့တယ်လို့ဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကမ္ဘောဒီးယားနိုင်ငံဟာလည်း လျှပ်စစ်ဆားကစ်ဘုတ် ၆၁၈.၉၁ ရာခိုင်နှုန်းနဲ့ အထည်အလိပ်နဲ့ ချည်မျှင် ၉၃.၄၁ ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့တာဖြစ်ပါတယ်။ "(DFT) အနေနဲ့ ထိုင်း-တရုတ် အမြန်ရထားပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှာ G2G စာချုပ်အရ တရုတ်နိုင်ငံကို ဆန်ရောင်းချဖို့အစီစဉ်တွေကို အလေးထားဆောင်ရွက်သွားပါမယ်။ စာချုပ်အရ တရုတ်နိုင်ငံဟာ ဆန်တန်ချိန် ၂ သန်း ဝယ်သွားမှာပါ။ အခုအချိန်အထိတော့ ဆန်တန်ချိန် ၇၂၀,၀၀၀ တင်ပို့ပြီးသွားပါပြီ။ ကျန်သေးတာတွေကိုလည်း တတ်နိုင်သမျှ အမြန်ဆုံးထပ်ပို့သွားနိုင်ဖို့ DFT အနေနဲ့ တရုတ်အစိုးရနဲ့ပူးပေါင်း ဆောင်ရွက်သွားပါမယ်” လို့ Ronnarong Phoolpipat က ပြောပါတယ်။

DFT အနေနဲ့ အထူးသဖြင့် မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အီရတ်နဲ့ဆော်ဒီအာရေးဗီးယားတို့လို ဝယ်လက်အသစ်တွေ ရဖို့ ပို့ကုန်သမားတွေကို အကူအညီတွေပေးသွားမယ်လို့လည်း သူကဆက်လက်ပြောကြားခဲ့ပါတယ်။

Ref:https://www.nationmultimedia.com/thailand/economy/40020666

**Source:** https://greenwaymyanmar.com/posts/thialand_rice_sell_to_china

## တစ်ပတ်တာ ကုန်ခြောက်ဈေးကွက် အခြေအနေ



https://www.foodindustrydirectory.com.mm

အောက်တိုဘာ ၄ ရက် နောက်ဆုံးပတ်အတွင်း ကြက်သွန်နီ၊ တရုတ်အာလူးနှင့် စားသုံးဆီ ဈေးများတက်ခဲ့သော်လည်း ဆန်၊ ပဲမျိုးစုံနှင့် ကျောက်ဖြူကြက်သွန်ဖြူ ဈေးများ ကျဆင်းခဲ့သည်။

ကြက်သွန်နီရောင်းအားနည်းလာသဖြင့် ယခင်အပတ်က ကြက်သွန်နီဈေး တက်လာခဲ့သည်။ စက်တင်ဘာ ၃၀ ရက်တွင် ကြက်သွန်နီပိဿာ ၉၀၀၀၀ နှင့် စက်တင်ဘာ ၁ ရက်တွင် ကြက်သွန်ပိဿာ ၄၈၀၀၀ မှ စက်တင်ဘာ ၃၀ ရက်တွင် ဘုရင့်နောင်လက်ကားဈေးကွက်သို့ ဝင်ရောက်ခဲ့သည်။

ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများသည် အောက်တိုဘာ ၁ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၂၇၅၀ မှ ကျပ် ၂၆၀၀-၂၇၅၀ အထိ ဈေးအနည်းငယ်တက်ခဲ့သည်။ သို့သော်လည်း နေ့စဉ် ပဲပိဿာ ၁၈၀,၀၀၀ ဖြင့် အောက်တိုဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဈေးနှုန်းမပြောင်းလဲခဲ့ပေ။ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီ အမြင့်ဆုံးဈေးမှာ အောက်တိုဘာ ၄ ရက်က တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ နှင့် ပခုက္ကူကုန်စည်ဒိုင်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ၂၆၀၀ ကျပ် ဖြစ်ပြီး ယခင်ရက်က စံချိန်တင်ခဲ့ပြီး တစ်ပိဿာလျှင် ၂၇၀၀ ကျပ်မှ ကျဆင်းခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် အောင်ပန်းကြက်သွန်ဖြူလက်ကားဈေးသည် အောက်တိုဘာ ၄ ရက်၌ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ မှ ၃၉၀၀ ကြားရှိခဲ့ပြီး ကျောက်ဖြူ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ၃၄၅၀ ကျပ်သို့ ကျဆင်းခဲ့သည်။ တရုတ် အာလူးဈေးသည် အောက်တိုဘာ ၄ ရက်က ကျပ် ၂၂၅၀ သို့ မြင့်တက်ခဲ့ပြီး ရှမ်းအာလူးအရည်အသွေးပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၅၅၀ မှ ကျပ် ၂၀၀၀ ပေါက်ဈေးရှိသည်။

ငရုတ်ကောင်းမျိုးကွဲများ (ငရုတ်ကောင်း၊ ရှန်းကျွန်းနှင့် မိုးသောင်းငရုတ်မျိုးများ) နှင့် ဒေသထွက် ငရုတ်ကောင်း မျိုးများပေါ်မူတည်၍ ငရုတ်ကောင်းတစ်ပိဿာလျှင် ကျပ် ១၅,၀၀၀ မှ ကျပ် ၂၀,၀၀၀ ကြား ပေါက်ဈေးရှိသည်။ ဈေးတက်ပြီးနောက် ငရုတ်သီးတစ်ပိဿာခြောက်အိတ် အကြီး ၁၈ အိတ်မှ ၂၀ အိတ်အစား ငရုတ်သီး ခြောက်ပိဿာပေးသည်။

တန်းနိမ့်ဆန်နဲ့ဆန်ကွဲဈေးတွေ ပြန်ကျတာကိုတွေ့ရသည်။ တန်းမြင့် ပေါ်ဆန်းအမျိုးအစားများမှာ ရွှေဘိုဒေသမှ တစ်အိတ် လျှင် ငွေကျပ် ၉၂၀၀၀၊ ဖျာပုံမှ ငွေကျပ် ၆၂၀၀၀ မှ ငွေကျပ် ၆၃၀၀၀၊ မြောင်းမြနှင့် ပုသိမ်ဒေသမှ ငွေကျပ် ၆၈၀၀၀ မှ ငွေကျပ် ၆၉၀၀၀ နှင့် အခြားဒေသများမှ ငွေကျပ် ၆၃၀၀၀၊ တစ်ချိန်တည်းတွင် ကာလတိုဆန် ရက် ၉၀ ဈေးနှုန်းမှာ တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀ မှ ကျပ် ၄၇၀၀၀ အတွင်း ရှိနေသည်။ တန်းနိမ့် စပါးမျိုးကွဲများ၏ ဈေးနှုန်းများမှာ တစ်အိတ်လျှင် ငွေကျပ် ၃၉၅၀၀ မှ ကျပ် ၄၄ ၀၀၀ အသီးသီးရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားအုန်းဆီ လက်ကားရည်ညွှန်းဈေးသည် အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ တစ်ပတ်အတွင်း ယခင်အပတ်ဈေးနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၆၄၀ ကျဆင်းခဲ့သည်။ ထိုတစ်ပတ်အတွက် ရည်ညွှန်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၀၂၀ သတ်မှတ်ထားသည်။

ထို့ကြောင့် စားအုန်းဆီသည် ဈေးကွက်အတွင်း ပြန်တက်လာသည်။ လက်ကားဈေးသည် အောက်တိုဘာ ၁ ရက်တွင် ကျပ် ၆,၀၀၀ မှ အောက်တိုဘာ ၄ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၆,၇၀၀ သို့ တဖြည်းဖြည်း မြင့်တက်လာသည်။ အောက်တိုဘာလ (၄) ရက်နေ့တွင် ပဲမျိုးစုံဈေးနှုန်းများမှာ ကုလားပဲအနက် တစ်တန်လျှင် ငွေကျပ် ၁၈၁၇၀၀၀ ကျော်၊ ပဲစဉ်းငုံ (ကုလားပဲနီ) RC တစ်တန်နှင့် ကုလားပဲ တစ်ပိဿာလျှင် ငွေကျပ်မှ ၃၉၅၀-၄၁၀၀ ကျပ်အထိရှိသည်။

**Ref: gnlm**

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5096-grocery-market-conditions-for-the-week.html

## အိန္ဒိယနိုင်ငံက ပြည်တွင်းဆီဈေးနှုန်းကို ထိန်းချုပ်နိုင်ရန် စားသုံးဆီတင်သွင်းမှုအပေါ် အခွန်နှုန်းထား လျှော့ချကောက်ခံခြင်းအား ၂၀၂၃ ခုနှစ် မတ်လအထိတိုးမြှင့်



https://myantrade.gov.mm/article

အိန္ဒိယနိုင်ငံ၊ အကောက်ခွန်နှင့် သွယ်ဝိုက်အခွန်များ ကြီးကြပ်မှုဗဟိုအဖွဲ့ (The Central Board of Indirect Taxes and Customs–CBIC) သည် ၂၀၂၂ခုနှစ်၊ ဩဂုတ် ၃၁ ရက်နေ့ ရက်စွဲပါ Notification no. 46/ 2022–Custom ဖြင့် သတ်မှတ်စားသုံးဆီများအပေါ် လက်ရှိကောက်ခံလျက်ရှိသည့် သွင်းကုန်အခွန်နှုန်းထား လျှော့ချကောက်ခံခြင်း (Concessional Import Duties) ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံ၍ (၆)လ သက်တမ်းတိုးမြှင့်သတ်မှတ်ခဲ့သည်။ ထိုသို့တိုးမြှင့်သတ်မှတ်ခြင်းသည် ပြည်တွင်းတွင် ဆီလုံလောက်စွာ ဖြန့်ဖြူးနိုင်ရန်နှင့်ဈေးနှုန်းများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ပါသည်။

ကမ္ဘာ့စားသုံးဆီ ဈေးနှုန်းများကျဆင်းမှုနှင့် သွင်းကုန်အခွန်နှုန်းထား လျှော့ချကောက်ခံခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံတွင် စားသုံးဆီလက်လီရောင်းချဈေးနှုန်းများ သိသာစွာကျဆင်းလာပါသည်။ စားအုန်းဆီကြမ်း၊ RBD Palmolein၊ RBD စားအုန်းဆီ၊ ပဲပိစပ်ဆီကြမ်း၊ သန့်စင်ပြီးပဲပိစပ်ဆီ၊ နေကြာဆီကြမ်းနှင့် သန့်စင်ပြီးနေကြာဆီတို့အပေါ် လက်ရှိကောက်ခံလျက်ရှိသည့် အကောက်ခွန်နှုန်းထားများအတိုင်း ၂၀၂၃ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ပြောင်းလဲမှုမရှိဘဲ ကောက်ခံသွားမည်ဖြစ်ပါသည်။ စားအုန်းဆီကြမ်း၊ ပဲပိစပ်ဆီကြမ်းနှင့် နေကြာဆီကြမ်းအမျိုးမျိုးအတွက် လက်ရှိသွင်းကုန်အခွန်နှုန်းထားသည် သုညဖြစ်ပါသည်။ သို့သော်လည်း စိုက်ပျိုးရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုထပ်ဆောင်းအခွန် (Agri Cess) ၅ ရာခိုင်နှုန်းနှင့် လူမှုဖူလုံရေး အထူးထပ်ဆောင်းအခွန်(Social Welfare Cess) ၁၀ ရာခိုင်နှုန်းကို ထည့်သွင်းပြီးနောက် အဆိုပါ စားသုံးဆီကြမ်းများအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားသည် ၅.၅ ရာခိုင်နှုန်းဖြစ်ပါသည်။

Palmolein နှင့်သန့်စင်ပြီး စားအုန်းဆီအမျိုးအမျိုး၏ အခြေခံအကောက်ခွန်နှုန်းထားမှာ ၁၂.၅ ရာခိုင်နှုန်းဖြစ်ပြီး လူမှုဖူလုံရေးအထူးထပ်ဆောင်းအခွန်မှာ ၁၀ ရာခိုင်နှုန်းဖြစ်ပါသည်။ ထို့ကြောင့် သွင်းကုန်အခွန် ကောက်ခံမှုနှုန်းထားသည် စုစုပေါင်း ၁၃.၇၅ ရာခိုင်နှုန်းဖြစ်ပါသည်။ သန့်စင်ပြီး ပဲပိစပ်ဆီနှင့် နေကြာဆီအတွက် အခြေခံအကောက်ခွန်နှုန်းထားမှာ ၁၇.၅ ရာခိုင်နှုန်းဖြစ်ပြီး လူမှုဖူလုံရေး အထူးထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်းကို ထည့်သွင်းတွက်ချက်ပါက အဆိုပါ စားသုံးဆီများအပေါ် သွင်းကုန်အခွန်ကောက်ခံမှုသည် ၁၉.၂၅ ရာခိုင်နှုန်းဖြစ်ပါသည်။

**Source: pib.gov.in**

**(ခက်ခက်နွယ်ဖူး၊ MYANTRADE)**

https://myantrade.gov.mm/article/%E1%80%A1%E1%80%AD%E1%80%94%E1%80%B9%E1%80%92%E1%80%AD%E1%80%9A%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80

## တိရစ္ဆာန်အစာ ပဲပိစပ်ကို တရုတ် လျှော့ချတင်သွင်း

တရုတ်အစိုးရသည် တိရစ္ဆာန်အစာအဖြစ် ပဲပိစပ်တင်သွင်းမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ပထမအပတ်က ကြေညာခဲ့ပြီး ပြည်တွင်းပဲပိစပ်လိုအပ်ချက်အတွက် သွင်းကုန်အပေါ်တွင်သာ မှီခိုနေခြင်းသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးပန်းတိုင်များနှင့် ဆန့်ကျင်နေကြောင်း တရုတ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲပိစပ် အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး တိရစ္ဆာန်အစာ ဝယ်လိုအားကြီးမြင့်မှုက အဓိက အကြောင်းရင်းတစ်ချက်ဖြစ်ပါသည်။ အမေရိကန်စိုက်ပျိုးရေးဌာန (USDA)၏ အချက်အလက်များအရ ၂၀၁၉ ခုနှစ် တစ်နှစ်တည်းတွင် တရုတ်နိုင်ငံ၏ ပြည်တွင်း ပဲပိစပ်သုံးစွဲမှုမှာ မက်ထရစ်တန် ၁၁၀.၃၂ သန်းအထိရှိခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် မက်ထရစ်တန် ၁၁၂.၇၃ သန်းသို့ တိုးမြင့်လာခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၁၀၆.၇၂ သန်းသို့ ပြန်လည်လျော့ကျခဲ့သော်လည်း ပဲပိစပ်တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်အထိ သုံးစွဲခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ပြည်တွင်း ပဲပိစပ်ထုတ်လုပ်နိုင်မှုပမာဏမှာ ပျမ်းမျှအားဖြင့် ၁၈ မက်ထရစ်တန် ဖြစ်ပါသည်။ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရေးအတွက်၂၀၁၉ ခုနှစ်တွင် ပဲပိစပ်တန်ချိန် ၉၈.၅၃ သန်း တင်သွင်းခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် တင်သွင်းမှုတန်ချိန် ၉၉ သန်းအထိ မြင့်တက်လာခဲ့ပါသည်။

သို့ရာတွင် ပြည်တွင်းသုံးစွဲမှုသည် ၂၀၂၁ ခုနှစ်တွင် ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး တင်သွင်းမှုမှာလည်း တန်ချိန်သန်း ၉၀ အထိ ကျဆင်းခဲ့ပါသည်။ ယခင်နှစ်က ပြည်တွင်းသုံးစွဲမှုနှင့် သွင်းကုန်များ ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ပြီး ကပ်ရောဂါ၏သက်ရောက်မှုကြောင့် ဆက်လက်ကျဆင်းနိုင်ကြောင်းနှင့် လက်ရှိအခြေအနေသည် တရုတ်နိုင်ငံ အတွက် ကောင်းမွန်နေသေးသော်လည်း စိုက်ပျိုးမှုအခက်အခဲများကြောင့် ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပမှ တင်သွင်းမှုများ ဆက်လက်ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြပါသည်။

တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ဖွဲနု၊ ပြောင်း၊ ဆန်၊ ဂျုံ၊ မုယောနှင့် ပီလောပီနံ စသည့် အခြားသီးနှံများကို ပဲပိစပ် အစားထိုးအဖြစ် အသုံးပြုရန် အဆိုပြုထားပြီး ဆီထွက်သီးနှံများဖြစ်သော နှမ်းကြတ်စေ့၊ နေကြာစေ့နှင့် နှမ်းကဲ့သို့သော အခြားဆီထွက်သီးနှံများကို ပဲပိစပ်အစားထိုး စိုက်ပျိုးရန် အကြံပြုထားပါသည်။

တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်သက်သာစေရန်နှင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်သူများအတွက် အကျိုးခံစားခွင့် ပိုမိုရရှိရန် ပဲပိစပ်အသုံးပြုမှုကို လျှော့ချသင့်ကြောင်း တရုတ်အစိုးရက ထပ်လောင်းတိုက်တွန်းခဲ့သော်လည်း TRIDGE ၏ လေ့လာသုံးသပ်ချက်အရ မြေပဲ၊ မုန်ညင်း၊ နှမ်းနှင့် နေကြာစသည့် အခြားအစားထိုးသီးနှံများ စိုက်ပျိုးရာတွင် အခက်အခဲများရှိကြောင်း တွေ့ရှိရပါသည်။

စားနပ်ရိက္ခာဖူလုံမှု သေချာစေရန်အတွက် ပဲပိစပ်သုံးစွဲမှုကို လျှော့ချမည့် တရုတ်အစိုးရသည် လယ်သမားများအား အစားထိုး စိုက်ပျိုးထုတ်လုပ်ရမည့် အခြားသီးနှံများ အလွယ်တကူရရှိရန်နှင့် နည်းလမ်းသစ်များဖြင့် ပိုမိုကောင်းမွန်သော ထောက်ပံ့ရေးကွင်းဆက်များ ပံ့ပိုးပေးနိုင်ရန်လိုအပ်ပါသည်။

**လှဲ့လှဲ့နှင်း (MYANTRADE)**

https://myantrade.gov.mm/article/%E1%80%90%E1%80%AD%E1%80%9B%E1%80%85%E1%80%B9%E1

## မန္တလေးကုန်စည်ဒိုင်တွင် ပြည်ပတင်ပို့မှုမရှိသောကြောင့် ပဲမာဈေးနှုန်းများကျဆင်းလာ

အောက်တိုဘာလ ပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ပဲအသစ်များ ဝင်ရောက်မှုမရှိပဲ လက်ကျန် လှောင်လက် ပဲများသာ အရောင်းအဝယ်ဖြစ်နေပြီး ပြည်ပတင်ပို့မှု မရှိသောကြောင့် ဈေးအေး အရောင်းအဝယ်အေးနေကြောင်းသိရသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၃၀၀၀၀ မှ ၁၄၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၃၀၀၀၀ မှ ၁၆၀၀၀၀ ။ ယခင်လ ကျပ် ၁၃၀၀၀၀ မှ ၁၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ ၊ ယခင်လထက် ကျပ် ၂၅၀၀၀ နိမ့်ကျလာသည်။

**မတ်ပဲ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၇၅၀၀၀ မှ ၁၇၃၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၉၅၀၀၀ မှ ၁၉၃၀၀၀၊ ယခင်လ ကျပ် ၂၁၀၀၀၀ မှ ၁၉၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၀ ၊ ယခင်လထက်ကျပ် ၃၅၀၀၀ မှ ၂၂၀၀၀ နိမ့်ကျလာသည်။

**ပဲစဉ်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၉၂၀၀၀ မှ ၁၉၁၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၀၃၀၀၀ ၊ ယခင်လ ကျပ် ၂၀၅၀၀၀ မှ ၂၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၂၀၀၀ မှ ၁၁၀၀၀၊ ယခင်လထက်ကျပ် ၉၀၀၀ မှ ၁၃၀၀၀ နိမ့်ကျလာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## မော်လမြိုင်ကုန်စည်ဒိုင် နေ့စဉ်ဈေးနှုန်းပေါက်ဈေး

မော်လမြိုင်မြို့၊ မော်လမြိုင်ကုန်စည်ဒိုင်၏ ၂၀၂၂ အောက်တိုဘာ ၄ ရက် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းပေါက်ဈေးမှာ ရော်ဘာ RSS3 မိုင်းခံပြား တစ်ပေါင် ကျပ် ၁၃၁၀၊ ဒေသထွက် ၁၀၈ ပေါင် **ဆန်တစ်အိတ် (အနိမ့်)**ဈေးနှုန်း ညှော်မထ ကျပ်

၄၃၀၀၀၊ ပေါက်ခွဲ ကျပ် ၅၂၀၀၀၊ ပေါ်ဆန်း ကျပ် ၆၁၀၀၀၊ ၂၀ပိဿာဝင် **ပဲတစ်တင်း** ဈေးနှုန်း ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၆၀၀၀၀၊ ပဲလွန်းဖြူ ကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၉၀၀၀၊ ပဲပုတ် ကျပ် ၆၂၅၀၀၊ **စားဖိုဆောင်သုံး သီးနှံ** တစ်ပိဿာ ဈေးနှုန်း ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၃၈၀၀၊ မုံရွာကြက်သွန်နီ (ငယ်) ကျပ် ၂၅၀၀၊ (လတ်) ကျပ် ၂၉၀၀၊ (ကြီး) ကျပ် ၃၀၀၀၊ ဂျင်း ကျပ် ၁၃၀၀၊ ငရုတ်သီးတစ်ပိဿာ ရှမ်းကျွန်း ကျပ် ၁၇၀၀၀၊ မိုးထောင်(အသစ်) ကျပ် ၁၅၀၀၀၊ အာလူးတစ်ပိဿာ ကျပ် ၂၁၀၀၊ **သစ်သီးဝလံ**တွင် ပန်းရောင်ကျွဲကောသီးတစ်လုံး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကျွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ **ရေထွက်ကုန်** တစ်ပိဿာ ဈေးနှုန်း ငါးဒန် ကျပ် ၃၃၀၀၊ ငါးမြစ်ချင်း ကျပ် ၅၅၀၀၊ တီလားဗီးရား ကျပ် ၇၇၀၀၊ ကင်းမွန်ကျပ် ၃၀၀၀၀ ၊ ကကတစ် ကျပ် ၁၅၀၀၀၊ ငါးကွန်းရှပ် ကျပ် ၈၅၀၀၊ ငါးပုတ်သင်(ငါးဗျက်) ကျပ် ၇၅၀၀၊ ပုဇွန်ပျော့ ကျပ် ၁၈၀၀၀ မှ ၂၆၀၀၀ နှင့် ရေချိုပုဇွန်ထုပ်(စိမ်း) ၃၂၀၀၀ မှ ၆၈၀၀၀ ကျပ် အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

**Source: ရာမညကုန်သွယ်မှုဗဟိုဌာန**

## မြင်းခြံကုန်စည်ဒိုင်တွင် မြေပဲဆန် အရောင်းအဝယ်အေး ဈေးနိမ့်လာ

မြင်းခြံကုန်စည်ဒိုင်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်မှစ၍ မြေပဲဆန်တစ်ပိဿာ ၅၅၀၀/၆၀၀၀ ကျပ် ဝန်းကျင် ရှိခဲ့ရာမှ မန္တလေးရှိ ဆီစက်များနှင့် ပြည်ပဝယ်လက်များ တိုက်ရိုက် ဝယ်ယူမှုများလာ၍ စက်တင်ဘာလ ပထမပတ်တွင် ၆၈၀၀/၇၀၀၀ ထိ ဈေးမြင့်တက်လာခဲ့ပြီး စက်တင်ဘာလ နောက်ဆုံးပတ်၌ အရောင်းအဝယ်အေးလာပြီး မြေပဲဆန်တစ်ပိဿာ ၄၈၀၀ မှ ၅၆၀၀အထိ ဈေးနိမ့်လာခဲ့သည်။

မြင်းခြံကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သည့် မြေပဲဆန်တစ်ပိဿာ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**S-1 လုံးဆန်**မှာ ဩဂုတ်လပထမပတ်တွင် ၅၅၀၀ ကျပ်မှ ၆၂၀၀ ကျပ်ထိဖြစ်ခဲ့ပြီး စက်တင်ဘာ ပထမပတ်တွင် ၆၈၀၀ ကျပ် မှ ၇၀၅၀ ထိဈေးမြင့်လာပြီး၊ စက်တင်ဘာနောက်ဆုံးပတ်တွင် ၅၂၀၀ ကျပ် မှ ၅၄၀၀ ကျပ်ထိဈေးနိမ့်လာသည်။

**S-1 ဆီဆန်**မှာ ဩဂုတ်လပထမပတ်တွင် ၅၂၀၀ ကျပ်မှ ၅၉၀၀ ကျပ်ထိဖြစ်ခဲ့ပြီး၊ စက်တင်ဘာပထမပတ်တွင် ၆၀၀၀ ကျပ် မှ ၆၁၀၀ ထိဈေးမြင့်လာပြီး၊ စက်တင်ဘာနောက်ဆုံးပတ်တွင် ၄၈၀၀ ကျပ် မှ ၅၄၀၀ ကျပ်ထိ ဈေးနိမ့်လာသည်။

**မြေပြန့်လုံးဆန်**မှာ ဩဂုတ်လပထမပတ်တွင် ၅၅၀၀ ကျပ်မှ ၆၂၀၀ ကျပ်ထိဖြစ်ခဲ့ပြီး၊ စက်တင်ဘာ ပထမပတ်တွင် ၆၈၀၀ ကျပ် မှ ၆၇၀၀ ထိဈေးမြင့်လာပြီး၊ စက်တင်ဘာနောက်ဆုံးပတ်တွင် ဈေးကွက်သို့ မြေပြန့်လုံးဆံများ ဝင်ရောက်မှု မရှိ၍ အရောင်းအဝယ်မရှိကြောင်း မြင်းခြံကုန်စည်ဒိုင် ဈေးနှုန်းသတင်းများ အရသိရှိရသည်။

မန္တလေးဆီစက်များ၊ ပြည်ပတင်ပို့သည့် ဝယ်လက်များမှ တိုက်ရိုက်ဝယ်ယူမှုများသည့်အချိန်တွင် မြင်းခြံဈေးကွက်လည်း အရောင်းအဝယ်သွက်၍ ဈေးမြင့်လေ့ရှိကြောင်း သိရသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## ဧရာဝတီတိုင်းဒေသကြီး၏ စပါးဈေးနှုန်းအပြောင်းအလဲ

ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်တွင် ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းအထိ စပါးဈေးနှုန်းများ စံချိန်မြင့်တက်ခဲ့ပြီး ကောက်ကြမ်းစပါး တင်းတစ်ရာလျှင် ကျပ် ၁၃ သိန်း၊ ပေါ်ဆန်းအုပ်စုဝင် ကောက်ချောစပါး တင်းတစ်ရာလျှင် ကျပ် ၂၁ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်းသိရသည်။

ယခင်နှစ်ကာလတူအခြေအနေတွင် ကောက်ကြမ်းစပါးတင်းတစ်ရာလျှင် ကျပ် ၇ သိန်းနှင့်ကောက်ချောစပါး တင်းတစ်ရာလျှင် ကျပ် ၁၁ သိန်းဖြစ်ကြောင်းသိရသည်။ ယခုစက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလဆန်းပိုင်းတွင်မူ ရွှေဈေးနှုန်းနှင့် ဒေါ်လာဈေးများ ပြန်လည်ကျဆင်းလာပြီး စပါးဈေးနှုန်းများလည်း ကျဆင်းလာရာ ကောက်ကြမ်းစပါး တင်းတစ်ရာလျှင် ကျပ် ၉-၁၀ သိန်းထိဖြစ်ကြောင်း သိရသည်။

စပါးဈေးတက်နေချိန် တောင်သူများအတွက် ဈေးကောင်းရနေသည်ဟု ဆိုနိုင်သော်လည်း စက်ပိုင်၊ ကုန်သည်များနှင့် စားသုံးသူများအနေဖြင့် အရောင်းအဝယ်ကဏ္ဍနှင့် ဝယ်ယူစားသုံးရခြင်းတို့တွင် ဈေးကြီးပေး၍ ဝယ်ယူစားသုံးနေရသောကြောင့် အခြေခံလူတန်းစားများအတွက် အခက်အခဲဖြစ်လာနေကြောင်းသိရပြီး၊ ယခုစပါးဈေး ပြန်လည်ကျဆင်း

သွားချိန်တွင် ခတ်မြေသြဇာနှင့်မြေသြဇာဈေးနှုန်းများမှာ ယခင်တက်ဈေးဖြင့် ဝယ်ယူသုံးစွဲ စိုက်ပျိုးထားရသောကြောင့် ယခုစပါးဈေးနှုန်းသည် တောင်သူများအဖို့ အကျိုးအမြတ်နည်းပါးကြောင်း သိရှိရသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## မွန်ပြည်နယ်အတွင်းက ရော်ဘာတောင်သူတွေ ရာသီအစမှာပဲ အထိနာနေ

မွန်ပြည်နယ်အတွင်းက ရော်ဘာတောင်သူတွေဟာ ရာသီအစမှာပဲ ရော်ဘာဈေးနှုန်း ဆက်တိုက်ကျဆင်းလာတာကြောင့် ရော်ဘာလုပ်ငန်းတွေ ဆက်လက်လည်ပတ်ဖို့ အခက်ကြုံနေရတယ်လို့ ရော်ဘာခြံရှင်တွေက သံလွင်တိုင်းမ်ကို ပြောပါတယ်။ ရော်ဘာဈေးနှုန်းဟာ ပြီးခဲ့တဲ့စက်တင်ဘာလမှာ Local 3 မှိုင်းခံပြား (၁) ပေါင်ကို ကျပ်(၁၈၀၀) ဝန်းကျင်ထိ ပေါက်ဈေးနှုန်း ရှိခဲ့ပေမယ့် အောက်တိုဘာ ပထမအပတ်မှာတော့ တစ်ပေါင်ကို ကျပ် (၁၃၀၀) ဝန်းကျင်ထိ ဈေးနှုန်း ပြုတ်ကျသွားခဲ့တာပါ။

ရော်ဘာဈေးနှုန်းဟာ ဒေါ်လာဈေးနှုန်းကျဆင်းလာမှုကြောင့် ဈေးနှုန်းနိမ့်ကျလာတာဖြစ်ပေမယ့် ရော်ဘာတောင်သူတွေကတော့ သွင်းအားစု ကုန်ပစ္စည်းတွေဈေးနှုန်း အဆမတန်မြင့်တက်နေတဲ့အတွက် နလံမထူနိုင် ဖြစ်နေရတာပါ။ တဖက်မှာတော့ ရော်ဘာလုပ်ငန်းတွေဟာ မိုးအဆက်မပြတ် ရွာသွန်းနေတဲ့အတွက်ကြောင့် အောက်တိုဘာပထမအပတ်ထိ အစေးမခြစ်နိုင်သေးလို့ နစ်နာမှုတွေနဲ့ရင်ဆိုင်နေရတာပါ။ ဒီအခြေအနေနဲ့ပတ်သက်ပြီး ရော်ဘာလုပ်ငန်းရှင်တစ်ဦးက အခုလိုပဲပြောပါတယ်။

"ကျွန်တော်တို့ သွင်းအားစုတွေ ဈေးကြီးကြီးနဲ့ ပေးဝယ်ထားရတဲ့ အချိန်ပေါ့ဗျာ၊ သွင်းအားစုတွေ ဝယ်တဲ့ အချိန်မှာရော မြေသြဇာတွေ ကျွေးတဲ့ အချိန်မှာရော အကုန်လုံးက ကျွန်တော်တို့က ဈေးအမြင့်နဲ့ အကုန်လုံးဝယ်ပြီးတော့ ကျွေးထားရတာပေါ့ဗျာ၊ ဝယ်ပြီးသုံးရတယ် ပစ္စည်းတွေစုရတယ်၊ ဒါပေမယ့် ကျွန်တော်တို့ တကယ့်တကယ် ပစ္စည်းက ထွက်လာတဲ့အချိန်ကျတော့ ဈေးကတော်တော်လေးကို ပြန်ထိုးကျသွားတဲ့အခါကျတော့ တောင်သူအတွက်က နည်းနည်းလေးပေါ့" အကျိုးအမြတ်က တော်တော်လေး နည်းသွားတာပေါ့ဗျာ၊ ပြီးသွားလို့ရှိရင် ရာသီဥတုကလည်း ကျွန်တော်တို့က အစေးလှီးရက်က နည်းနည်း နည်းလာတဲ့သဘောဖြစ်လာတယ်ဗျ၊ အခါတိုင်းဆို ကျွန်တော်တို့က စက်တင်ဘာဆိုလို့ရှိရင် (၁၀)ရက်လောက် ကျွန်တော်တို့ရတယ်ဗျ၊ ဒီနှစ်မှာဆိုရင် စက်တင်ဘာက သိပ်မရလိုက်ဘူးဗျ၊ ပြီးတော့ အောက်တိုဘာမှာလည်း ကျွန်တော်တို့က လက်ရှိအချိန်ထိက မိုးကမပြတ်သေးတဲ့အခါကျတော့ ကျွန်တော်တို့လှီးလို့ မရသေးတဲ့အချိန်ဖြစ်နေတယ်ဗျလို့" တောင်သူတွေကဆိုပါတယ်။

ဒါ့အပြင် ရော်ဘာခြံတွေဟာ ဒီနှစ်မှာ လုပ်သားရှားပါးမှုပြဿနာကြောင့် ကျွမ်းကျင်လုပ်သားတွေကို ဈေးကြီးပေးပြီး ခေါ်ယူအသုံးပြုထားရသလို ရော်ဘာထုတ်လုပ်တဲ့ ဆက်စပ်ပစ္စည်းတွေ အဆမတန်ပေးချေပြီး ဝယ်ယူအသုံးပြုနေရတဲ့ အခြေအနေကိုပါ ထပ်မံရင်ဆိုင်နေရတာပါ။

ရော်ဘာခြံရှင်တစ်ဦးကလည်း အခုလိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန် ရော်ဘာဈေးနှုန်း ထပ်မံကျဆင်းလာပါက တစ်နိုင်တစ်ပိုင် ရော်ဘာခြံအများစု လုပ်ငန်းတွေရပ်နားလာနိုင်တယ်လို့ပြောပါတယ်။ "တချို့တလေ ခြံကြတော့လည်း ခတ်မြေသြဇာကျွေးတယ် ထွက်တယ်၊ တချို့တလေ ကျတော့လည်း မထွက်ဘူး၊ မထွက်တဲ့ ခြံတွေကြတော့လည်း မကိုက်ဘူး၊ ဒီထက် ဈေးကျနေရင်တော့ တောင်သူတွေမကိုက်တော့ဘူး၊ ဒီဈေးထက်ကို ထက်ကျသွားမယ်ဆိုရင် တောင်သူတွေဘယ်လိုမှ မကိုက်တော့ဘူး၊ ကုန်ဈေးနှုန်း မြင့်မားတာနဲ့ လုပ်သားခ ဒီနှစ်က (၁၃)ကျပ် (၁၄)ကျပ် အဲ့လိုအနေအထားတွေဖြစ်လာတဲ့ အခါကျတော့ ဒီထက်ကို (၁၃၀၀)အောက် ကျသွားမယ်ဆိုရင်တော့ ဒီခြံမှာ တစ်နိုင်တစ်ပိုင်လေး လုပ်စားနေတဲ့လူဆိုတော့လည်း အဆင်သိပ်မပြေလှဘူး၊ မပိုလျှံလှဘူးပေါ့"လို့ ဆိုပါတယ်။

ဤဆောင်းပါးကို သံလွင်တိုင်းမ် မှကူးယူဖော်ပြပါသည်။

**Source: htwettoe**

## ရွှေဈေး၊ ဒေါ်လာဈေးနှင့် စက်သုံးဆီဈေးနှုန်းမှာ အတက်များများ၊ အကျနည်းနည်း အခြေအနေသာရှိဟုဆို

လူအများ စိတ်ဝင်စားမှုအများဆုံးရှိသည့် ရွှေဈေး၊ ဒေါ်လာဈေးနှင့် စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ယနေ့(အောက်တိုဘာ ၅ ရက်) အချိန်အထိ ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ အတက်များများ၊ အကျနည်းနည်း အခြေအနေသာ ရှိနေကြောင်း ရန်ကုန်မြို့ရှိ ငွေကြေးဈေးကွက်လေ့လာသူများက သုံးသပ်ပြောဆိုကြသည်။

အမေရိကန်ဒေါ်လာ ငွေလဲဈေးနှုန်းများနှင့် အကယ်ဒမီရွှေဈေးနှုန်းများမှာ အောက်တိုဘာ ၁ ရက်တွင် တစ်ဒေါ်လာလျှင် ၂၅၃၀ ကျပ်နှင့် အကယ်ဒမီရွှေဈေးမှာ တစ်ကျပ်သားလျှင် ၂,၂၅၅,၀၀၀ ကျပ်အထိ ကျဆင်းခဲ့သော်လည်း ယနေ့ (အောက်တိုဘာ ၅ ရက်) နေ့လယ်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၃၁၀၀ ကျပ်နှင့် ရွှေဈေးနှုန်းမှာ ၂,၇၇၅,၀၀၀ ကျပ်အထိ ပြန်လည်မြင့်တက်ခဲ့သည်။

အဆိုပါရွှေနှင့် ဒေါ်လာဈေးကျဆင်းမှုမှာ စက်တင်ဘာ ၂၇ ရက်မှစတင်ကာ ဈေးကျဆင်းခဲ့ပြီး လေးရက်ခန့်သာ ဈေးထိန်းနိုင်ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းများအရသိရသည်။

ထို့ပြင် ဓာတ်ဆီဈေးနှုန်းမှာလည်း ယမန်နေ့ကထက် ၅၀ ကျပ်နီးပါးသာ ကျဆင်းပြီး ဒီဇယ်ဆီဈေးနှုန်းများမှာ ၅၀ ကျပ်နီးပါး ဈေးမြင့်တက်လာကြောင်း၊ ယနေ့စက်သုံးဆီဈေးနှုန်းများမှာ ဓာတ်ဆီ ၉၂ တစ်လီတာလျှင် ၁၈၈၀ ကျပ်၊ ၉၅ တစ်လီတာလျှင် ၁၉၅၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၄၈၀ ကျပ်နှင့် ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ၂၅၆၅ ကျပ်ဈေးဖြစ်ကြောင်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များထံမှသိရသည်။

http://sdtimedaily.com/

## STOCK EXCHANGE (6.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | -100 | -1.04% | 9,500 | 9,600 | 9,500 | 150 | 1,425,200 | 33,109,694 | 314,542 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,550 | 3,550 | 5,254 | 18,651,700 | 38,929,150 | 138,198 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 25 | 195,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 1,005 | 19,311,500 | 2,472,053 | 46,969 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 6,518 | 18,250,400 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,750 | 2,750 | 2,700 | 15 | 40,650 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,000 | 5,100 | 5,000 | 495 | 2,485,000 | 10,497,598 | 53,538 |


### Market summary

As of 6th Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.31 | -2.58 | -0.62% | 418.89 | 418.89 | 416.31 | 13,462 | 60,359,450 | 7 | 724,219 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 6th Oct. 2022

| MYANPIX | 416.31 ▼ 2.58 |
|---|---|
| Total Volume (shares) | 13,462 |
| Total Value (MMK) | 60 mil |
| Listed Company | 7 |
| Market Cap. (MMK) | 724,219 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▼ 100 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 50 |
| AMATA | 00007 | 5,100 | ▲ 100 |

TIR